# ဘယ်လ်တီမိုးကောင်တီအစိုးရကျောင်းများ

ဒယ်ရီ အယ်လ်. ဝီလျံ၊ အီးဒီ.ဒီ. • ကြီးကြပ်ရေးမှူး • ၆၉၀၁ နော့ ချာလီလမ်း • တောဆန်၊ အမ်ဒီ • ၂၁၂၀၄

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

ချစ်သော မိဘများ/အုပ်ထိန်းသူများ၊

ကမ္ဘာတစ်ဝှမ်း ယှဉ်ပြိုင်နိုင်မှု အားကောင်းစေရန် လိုအပ်သည့် အရေးကြီးသော ၂၁ ရာစု စွမ်းရည်များနှင့် ကျောင်းသူ၊ ကျောင်းသားတိုင်း ပြည့်စုံစေရန် Baltimore ခရိုင်အစိုးရကျောင်းများ (BCPS) အနေဖြင့် ကြိုးပမ်းလျက် ရှိပါသည်။ ဤရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမှုသည် ကျွန်ုပ်တို့ စာသင်ခန်းများအတွင်းရှိ အသိအမှတ်ပြု လက်မှတ်ရရှိထားသော ဆရာ၊ ဆရာမများ ထားရှိမှုတွင် မူတည်သည်ကို ကျွန်ုပ်တို့ အနေဖြင့် သိရှိထားပါသည်။

အောက်ပါများအပါအဝင် သင့်ကလေး၏စာသင်ခန်း ဆရာ၊ ဆရာမ၏ ကျွမ်းကျင်မှု အတတ်ပညာဆိုင်ရာ အသိအမှတ်ပြုမှု များအကြောင်း၊ သတင်းအချက်အလက်များနှင့် အောက်ပါအချက်များနှင့် ပတ်သက်၍ သင့်တွင် မေးမြန်းခွင့်နှင့် သိရှိခွင့် ရှိပါသည် -

- ဆရာ၊ ဆရာမတစ်ဦးမှ ကိုင်ဆောင်ထားသော ကောလိပ် သို့မဟုတ် တက္ကသိုလ်ဘွဲ့ လက်မှတ်များ သို့မဟုတ် အသိအမှတ်ပြု လက်မှတ်များ တစ်ခုခု။
- ဆရာ၊ ဆရာမတစ်ဦး၏ ဘွဲ့ လက်မှတ် သို့မဟုတ် အသိအမှတ်ပြု လက်မှတ်၏ ဘာသာရပ်နယ်ပယ်။
- အတန်း၊ အဆင့်တစ်ခုခု သို့မဟုတ် ဘာသာရပ် နယ်ပယ်တစ်ခုခု သင်ကြားပေးရန် မေရီလင်းပြည်နယ်မှ အသိ အမှတ်ပြုသည်၊ မပြုသည်။
- ဆရာ၊ ဆရာမတစ်ဦးတွင် အခြေအနေအရ အသိအမှတ်ပြု လက်မှတ်တစ်ခုခု ကိုင်ဆောင်သည်၊ မကိုင်ဆောင် သည်။

ကျွမ်းကျင်အတတ်ပညာရှင် အကူတစ်ဦးဦးက သင့်ကလေးကို ညွှန်ကြားကူညီပေးသောဝန်ဆောင်မှုများရရှိမှု ရှိ၊ မရှိကိုလည်း သင့်အနေဖြင့် မေးမြန်းနိုင် ပါသည်။ ဤသို့ မေးမြန်းရာတွင်၊ ကျွမ်းကျင်အတတ်ပညာရှင် အကူတစ်ဦး၏ အရည်အချင်းများကို သင့်အနေ ဖြင့် မေတ္တာရပ်ခံကာ တောင်းဆိုနိုင်ပါသည်။

သင့်ကလေး၏ စာသင်ခန်း ဆရာ၊ ဆရာမများနှင့်/သို့မဟုတ် ကျွမ်းကျင်အတတ်ပညာရှင် အကူများအကြောင်း သတင်း အချက်အလက်များအား သင်လက်ခံရရှိလိုပါက၊ ကျေးဇူးပြု၍ သင့်ကျောင်းအုပ်ကြီးထံသို့ စာဖြင့်ရေးသားကာ မေတ္တာရပ်ခံ တောင်းဆိုပါ။ ကျောင်းအုပ်ကြီးက ရက်ပေါင်း ၃၀ အတွင်း တုံ့ပြန်ပါမည်။

သင့်ကလေး၏ပညာရေးတွင် အားပေးကူညီမှုအတွက် ကျေးဇူးတင်ပါသည်။ သင်တို့ကဲ့သို့ သော မိဘများ၊ မိသားစုဝင်များ နှင့် ခိုင်မာသော ပူးပေါင်းမှုများမှတစ်ဆင့် ကျွန်ုပ်တို့၏ရည်မှန်းချက်ပန်းတိုင်များ ရယူအောင်မြင်ရန် BCPS က တတ်စွမ်းနိုင် ပါသည်။

စိတ်ရင်းမှန်ကန်စွာဖြင့် -

Darryl L. Williams

ကြီးကြပ်ရေးမှူး

*အဆင့်အတန်းကို မြှင့်တင်မယ်၊ ကွာဟချက်တွေကို လျှော့ချမယ်၊ အနာဂါတ်အတွက် ပြင်ဆင်ကြမယ်*